Myanmar Garment Manufacturers Association

# NEWSLETTER

DECEMBER 2022, ISSUE




## AFTEX's 48th Council Meeting and 46th Plenary Session

ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သည့် AFTEX's 48th Council Meeting and 46th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင် များအသင်းမှ ဒုဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကျင်ထွန်း၊ ဦးသိန်းဖေဝင်း၊ ဦးအောင်မျိုးဟိန်း၊ ဒေါက်တာခင်ခင်ကြည်၊ ဦးကျော်စိုးလင်း၊ ဦးရဲခန့် တို့တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးအား Vietnam Textile and Garment Association (VITAS) မှကြီးမှူးပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်များတွင် Vinpearl Luxury Hotel ၌ပြုလုပ်ခဲ့သည်။

စာ - ၂



## " Power of Interpersonal Skill for the Good Team, MGMA" Team Building Workshop

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး " Power of Interpersonal Skill for the Good Team, MGMA" Team Building Workshop ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်များတွင် Vertex Bagan Hotel ၌ LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

စာ - ၅

# INDEX

## Activity


AFTEX's 48th Council Meeting and 46th Plenary Session........................................................ ၂-၃

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................... ၄

" Power of Interpersonal Skill for the Good Team, MGMA" Team Building Workshop ............. ၅-၆

တစ်ဆင့်မြင့်မော်တာ စက်ချုပ်သင်တန်း ................................................................................ ၇-၈

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၆-၇) ........................................................................................................ ၉

Voluntary Labor Compliance Assessment ........................................................................ ၁၀


## International News in Garment Sector


Sustainable Textile of the Asian Region (STAR) ................................................................ ၁၁-၁၈


## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training | TBA | MGHRDC |
| 2. | Covid – 19 self-test demonstration in-factory | TBA | Kyar Lay Apparel Co.,Ltd |

## Membership Update


New Members in December 2022 ........................................................................ ၁၉

Membership update as of December 2022 ......................................................... ၁၉

# ACTIVITY

## AFTEX's 48th Council Meeting and 46th Plenary Session




ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သည့် AFTEX's 48th Council Meeting and 46th Plenary Session သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ဒုဥက္ကဌ ဦးကျော်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးကျင်ထွန်း၊ ဦးသိန်းဖေဝင်း၊ ဦးအောင်မျိုးဟိန်း၊ ဒေါက်တာခင်ခင်ကြည်၊ ဦးကျော်စိုးလင်း၊ ဦးရဲခန့် တို့တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးအား Vietnam Textile and Garment Association (VITAS) မှကြီးမှူးပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်များတွင် Vinpearl Luxury Hotel ၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးပထမနေ့၏ နေ့လယ်ခင်းအစီအစဉ်အဖြစ် AFTEX Chairman Meeting အား ဒီဇင်ဘာလ ၁၄ ရက်တွင် HCMC ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးဒုတိယနေ့တွင် AFTEX ၏ဥက္ကဌ Mr.Vu Duc Giang မှအဖွင့်အမှာစကားပြောကြားခဲ့ပြီး AFTEX အဖွဲ့ဝင်နိုင်ငံများဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် ဗီယက်နမ် တို့မှ " Joining Hands to Develop Sustainable Textile and Garment Supply Chains In ASEAN" ခေါင်းစဉ်ဖြင့် နိုင်ငံအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် AFTEX အလှည့်ကျ ဥက္ကဌ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို VITAS ဥက္ကဌနှင့် Cambodia Textile and Apparel Association ဥက္ကဌ တို့က ပြုလုပ်ခဲ့ပြီး AFTEX ဥက္ကဌအသစ်မှ အမှာစကားပြောကြားခဲ့သည်။ နေ့လယ်ခင်းအစီအစဉ်အဖြစ် VITAS ၏ ဒုတိယ ဥက္ကဌ Mr.Dang Yu Hung မှ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းဆီသို့ ဦးတည်ချက်များနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီး ITMA ကိုယ်စားလှယ်မှ နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုဆိုင်ရာများကို အမေးအဖြေကဏ္ဍများဖြင့် ပြုလုပ်ခဲ့သည်။





ညနေပိုင်းအစီအစဉ်အဖြစ် VITAS မှဦးဆောင်ကာ ဆွေးနွေးပွဲနှင့် ညစာစားပွဲအခမ်းအနားများ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ Vietnam Textile and Apparel Association (VITAS), Garment Manufacturers Association in Cambodia (GMAC), Indonesia Textile Association (API), Association of the Lao Garment Industry (ALGI), Malaysian Textile Manufacturers Association (MTMA), Myanmar Garment Manufacturers Association (MGMA), Confederation of Garment Exporters of the Philippines (CONGEP), Singapore Textile and Fashion Federation (TAFF), The National Federation of Thai Textile Industries (NFTTI) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။









# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်များ၏ ပေါင်းစပ်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏ မန်နေဂျင်းဒါရိုက်တာမှ သဘာ



ပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ CMP အချက်အလက်ပြဇယား ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်လွယ်ကူသောလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်လုပ်အားပေးများခန့်ထား၍ အသင်း၏ တာဝန်ရှိသူများနှင့်တွဲဖက်ကာ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပြည်ပမှတင်သွင်းလာသောကုန်ကြမ်းပစ္စည်းများကို အသင်းဝင်စက်ရုံများမှ ကုန်ချောပြန်လည်ပို့ရာတွင် ကြန့်ကြာနေသော KG တွက်ချက်မှုများကို စနစ်တကျ ပြန်လည်ရှင်းလင်းနိုင်ရန် ဝန်ထမ်းထပ်မံခန့်ထားနိုင်ရေး၊ MRGMA (မန္တလေးတိုင်းအထည်ချုပ်လုပ်ငန်းရှင်များအသင်း) အား ညီနောင်အထည်ချုပ်လုပ်ငန်းရှင်များ အသင်းအဖြစ် လက်တွဲခေါ်ယူပံ့ပိုးနိုင်ရေးကိစ္စရပ်များ၊ RBF funding project များ၏ မိတ်ဖက်အဆိုပြုခြင်းများအားတွေ့ဆုံခြင်းကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒုဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။






## " Power of Interpersonal Skill for the Good Team, MGMA"

## Team Building Workshop

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး " Power of Interpersonal Skill for the Good Team, MGMA" Team Building Workshop ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက် များတွင် Vertex Bagan Hotel ၌ LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

MGMA ၏ မန်နေးဂျင်းဒါရိုက်တာမှ ဝန်ထမ်းများအား စိတ်ဓာတ်ခွန်အားပေးသော ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားကို ပြောကြားပြီး သင်တန်းအားစတင်ခဲ့သည်။ သင်တန်းတွင် Reflect Personal Leadership Style, Good Leader Vs Bad Leader, Interpersonal Communication, Resolving tensions between team members, Leadership and Team Building Role Play and Vision Board for future များကို Future Development Initiatives Learning Hub (FDILH) မှ သင်တန်းနည်းပြ ဒေါ်ကေသီနှင့်အဖွဲ့မှ ပျော်ရွှင်ဖွယ်ရာ လှုပ်ရှားမှုများဖြင့် သင်ကြားပေးခဲ့သည်။

သင်တန်းသို့ MGMA မှ ဝန်ထမ်း (၂၂) ယောက် တက်ရောက်ခဲ့ပြီး သင်တန်းတစ်ရက်ချင်းစီ၏ ပထမပိုင်းတွင် Manifesting နှင့် Thankfulness session များပါဝင်ခဲ့သည်။



MD of MGMA Daw Aye Mi Shien giving motivational remarks



Fun Team Building Game



Group activities



Group activities



Group activities



Fun Team Building Game



Making Vision Board for Future



Group Photo

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း



Trainer from MGHRDC lecturing
Advance Sewing Machine Operator

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (Advanced Sewing Machine Operator Training) ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်မှ ဒီဇင်ဘာလ (၉) ရက်ထိ၊ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိပ်ကပ်၊




ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ (သဘော်သား လျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည် တစ်ထည်လုံး ချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်းများကိုသင်ကြားပေးခဲ့သည်။ ထို့ပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့် အဆိုပါသင်တန်းသို့သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။



Trainer from MGHRDC lecturing
Advance Sewing Machine Operator



Group Photo



Awarding Certificate



Group Photo



Awarding Certificate



Practice Session



Practice Session

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၆-၇)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၆-၇) ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နှင့် ၂၉ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသည် MGMA ၏ စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၄) ရုံမှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၄) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကို လစဉ်ပုံမှန်ပြုလုပ်သွားမည်ဖြစ်သည်။



Batch – 6 Group Photo





Labour Officer of MGMA presenting Labour Law Awareness



Batch – 7 Group Photo





Q & A Session

# Voluntary Labour Compliance Assessment စစ်ဆေးခြင်း



Charming Garments MFG Co.,Ltd




Karisma Apparel (Myanmar) Co.,Ltd




Yangon Fukuyama Apparel Co.,Ltd

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အသင်းဝင်စက်ရုံ (၃) ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ Yangon Fukuyama Apparel Co.,Ltd, Charming Garments Mfg Co.,Ltd နှင့် Karisma Apparel (Myanmar) Co.,Ltd တို့ဖြစ်သည်။ ရွှေပြည်သာမြို့နယ်ရှိ Yangon Fukuyama Apparel Co.,Ltd သို့ ဒီဇင်ဘာလ ၇ ရက်တွင်လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ Charming Garments Mfg Co.,Ltd သို့ ဒီဇင်ဘာလ ၉ ရက်နှင့် ပဲခူးမြို့ရှိ Karisma Apparel (Myanmar) Co.,Ltd သို့ ဒီဇင်ဘာလ ၂၇ ရက်တွင် လည်းကောင်းသွားရောက်စစ်ဆေးခဲ့သည်။


စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကိုအသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMPတို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Charming Garments MFG Co.,Ltd




Karisma Apparel (Myanmar) Co.,Ltd



Yangon Fukuyama Apparel Co.,Ltd

## Sustainable Textile of the Asian Region (STAR)

Sustainable Textile of the Asian Region (STAR) ကွန်ရက်သည် အာရှဒေသ၏ရေရှည်တည်တံ့သော အထည်အလိပ်လုပ်ငန်းရှင်အသင်းအဖွဲ့များ စုစည်းထားသည့် ပထမဆုံးသော ကွန်ရက်ဖြစ်သည်။

အဆိုပါ ကွန်ရက်အား အာရှဒေသများရှိ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းတွင် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးသည့် GIZs FABRIC ပရောဂျက်မှ စတင်ခဲ့ခြင်းဖြစ်သည်။ ကွန်ရက်တွင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ မြန်မာ၊ ပါကစ္စတန်နှင့် ဗီယက်နမ်တို့မှ အထည်အလိပ်ထုတ်လုပ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို စုစည်းထားသည်။ အဖွဲ့ဝင်များအားလုံးသည် ပုံမှန်တွေ့ဆုံကြပြီး ရေရှည်တည်တံ့သောထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် အတူတကွလုပ်ဆောင်ခဲ့ကြသည်။

STTI သည် GIZ FABRIC ပရောဂျက်လှုပ်ရှားမှုများထဲမှ တစ်ခုဖြစ်ပြီး မြန်မာ၊ တူရကီ၊ အိန္ဒိယ၊ အီဂျစ်၊ မော်ရိုကို၊ အင်ဒိုနီးရှား၊ တရုတ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အဖွဲ့ဝင်များကို စုစည်းထားသည်။

STTI ၏ ရည်ရွယ်ချက်မှာ အထည်အလိပ်နှင့် အထည်ချုပ်ထုတ်လုပ်သူများ၏ လူမှုရေးအရ၊ စီးပွားရေးအရနှင့် သဘာဝပတ်ဝန်းကျင်အရရေရှည်တည်တံ့သော လုပ်ငန်းလည်ပတ်မှုအား စီးပွားဖြစ်လိုက်နာမှု၏ သဘောတရားကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားကာ အထည်အလိပ်နှင့် အထည်ချုပ်ထုတ်လုပ်သူများဝယ်ယူသည့်အလေ့အထများဆီသို့ အဓိကပံ့ပိုးကူညီမှုပေးရန်ဖြစ်သည်။



## ကုန်သွယ်လုပ်ငန်းခွန်လေးစားလိုက်နာမှုတိုင်းတာခြင်းဆိုင်ရာ STTI စစ်တမ်းအား ထုတ်လုပ်သူများအတွက် ဖြည့်စွက်ရန် ဖွင့်လှစ်ထားသည်

STTI GWG Phase 2 Survey – 2022

သင့်ကုမ္ပဏီအား Buyer Company ၏ ကုန်သွယ်လုပ်ငန်းခွန်လေးစားလိုက်နာမှုကိုအကဲဖြတ်သည့် ဤစစ်တမ်းကို ဖြည့်စွက်ရန် ဖိတ်ခေါ်ပါသည်။ သင်အကဲဖြတ်ရန်ရွေးချယ်သော Buyer Company တစ်ခုစီအတွက် စစ်တမ်းကို ဖြည့်စွက်ရန် ဆယ်မိနစ်ခန့်သာကြာမြင့်ပါသည်။

Survey Link Here >>>>> STTI GWG Phase 2 Survey - 2022



STTI GWG Phase 2 Survey - 2022

Your company is invited to participate in this survey that evaluates your buyer company's adherence to commercial compliance. It will take **less than 10 minutes** to complete the survey for each buyer company you choose to evaluate.

Please be assured that your identity will be kept completely confidential. The survey is being conducted by Better Buying Institute, whose well-established and secure operating procedures ensure that your anonymity is maintained at all times, and your responses grouped with those from other suppliers.

Commercial compliance is defined as 'purchasing practices that do not cause obvious and avoidable harm to manufacturers'. A set of key recommendations for improved purchasing practices was delivered at the end of Phase 1 of the Sustainable Terms of Trade Initiative (STTI), based on the input gathered from global textile and garment manufacturers and industry associations.

This Phase 2 survey invites you to evaluate each of your buyer company's commercial compliance against these key recommendations, so as to track buyers' progress throughout the STTI project. The survey has been simplified since the Baseline study was carried out last year, in order to encourage more supplier participation.

Please respond to the questions about one of your buyer companies at a time. After evaluating one buyer, you can restart the survey with another buyer using the link provided. We encourage you to respond to the survey about more than one buyer company; ideally evaluating all your buyers in order to get a full picture of compliance across the industry. You can start by evaluating the buyer company whose business accounts for a majority of your business, followed by starting a new survey for each of your other buyers with a smaller share of business.

You can choose who is the most appropriate person or persons in your company to complete the survey - some might choose to have senior managers complete the survey together using their combined knowledge. The topics covered are related to various terms in the buyer companies' contracts and their performance against those terms, forecasting, pricing, lead times, terms with nominated suppliers, adherence to deadlines, and the processes they follow when their performance does not meet expectations for commercial compliance.

This survey asks you to name the specific buyer company you are rating. Without knowing this, there are limits to how companies like yours and industry associations can work with buyers to improve. If you are unwilling to name your buyer, there is no need to complete the survey. Please remember, however, that your anonymity will be protected.

1. Please name the buyer company you are rating. * *TIP: Preference is for you to name the brand or retailer company whose label is on the products you are making. You may have received this order through a 3rd party, and we'll ask about that on the next page.* *

Next

0%

**STTI နှင့် အခြားသူများသည် EU တွင် စီစဉ်ထားသော တာဝန်ယူမှုရှိသော Supply Chain စည်းမျဉ်းကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန်ချမှတ်ခဲ့သည်**




**EU အသင်းအဖွဲ့များရေရှည်တည်တံ့ခိုင်မြဲရေး DUE DILIGENCE ဆိုင်ရာညွှန်ကြားချက်များအတွက် မဟာမိတ် အထည်ချုပ်လုပ်ငန်းကိုယ်စားလှယ်များထံမှ ပူးတွဲအကြံပြုချက်များ**

EU မှ တာဝန်ရှိလူကြီးမင်းများ၏ ကတိကဝတ်ဖြစ်သည့် due diligence လုပ်ဆောင်ရန် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းကိုအကောင်အထည်ဖော်ဆောင်ရန်နှင့် ကုမ္ပဏီများမှငင်းတို့၏ လုပ်ငန်းစဉ်များတွင်လူ့အခွင့်အရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလေးစားလိုက်နာခြင်းများအတွက်တာဝန်ယူမှုများရှိစေရန် အချက်များကို ဤပူးတွဲစာတွင် လက်မှတ်ရေးထိုးထားသူများက ထောက်ခံခဲ့ကြသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ထုတ်ဝေခဲ့သည့် Corporate Sustainability Due Diligence (CSDD) ညွှန်ကြားချက်ဆိုင်ရာ အဆိုပြုချက်ကို အရေးကြီးသော ခြေလှမ်း တစ်ခုအဖြစ်ကြိုဆိုခဲ့ကြသည်။

ရှင်းလင်းတင်ပြချက်နှင့်စာချုပ်နိဒါန်းနှစ်ခုစလုံးတွင် အဆိုပြုလွှာ သည် United Nations Guiding Principles Organization for Economic Cooperation and Development's guidelines for multinational enterprises (OECD guidelines) (ကဏ္ဍအလိုက်လမ်းညွှန်ချက် (၃)ခု နှင့် Textile and Garment Supply Chain အပါအဝင်) တို့ကိုရည်ညွှန်းထားသည်။ အဆိုပြုလွှာတွင်ပါဝင်သည့် အောက်ပါအချက် (၃) ခု သည်အရေးကြီးဆုံးအချက်များဖြစ်သည်။

၁။ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ Due Diligence စစ်ဆေးမှုကိုပြဿနာပေါ်မှတည်ကာလုပ်ဆောင်သွားရမည်ဖြစ်သည်။

၂။ Due Diligence စစ်ဆေးချိန်တွင် တာဝန်ယူမှုကို ပြောင်းလဲခွင့်မရှိ။

၃။ Due Diligence စစ်ဆေးခြင်းတွင် ဥပဒေသည် တိကျပြတ်သားမှုရှိရမည်။

**CSDD Directive PDF file Download Link >>>>**

[**JOINT RECOMMENDATIONS FROM AN ALLIANCE OF GARMENT INDUSTRY REPRESENTATIVES FOR THE EU CORPORATE SUSTAINABILITY DUE DILIGENCE DIRECTIVE**]

## 37th IAF World Fashion Convention in Bangladesh: The Industry Needs a Sustainable Transformation




# ဖက်ရှင်လုပ်ငန်း၏ ရေရှည်တည်တံ့သော အသွင်းကူးပြောင်းရန်အတွက် Key Stakeholder များအား IAF တိုက်တွန်း

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် ဥရောပအပါအဝင် အဓိကကျသော Consumer နိုင်ငံများသည် ရေရှည်တည်တံ့သော အဝတ်အထည်များကို အလေးထားကြသည်။ ထို့အတွက် ဥရောပရှိ အဝတ်အထည်ကဏ္ဍ၏ မူဝါဒချမှတ်သူများသည် ထုတ်ကုန်ထုတ်လုပ်သူများအပြင် Supplier နှင့် Consumer Level ရှိ လူတိုင်းနှင့် ပူးပေါင်းလုပ်ဆောင်ရန် အကြံပြုထားသည်။

သဘာဝပတ်ဝန်းကျင်လုံခြုံမှုကို အာမခံချက်မပေးနိုင်ပါက ဘင်္ဂလားဒေ့ရှ်သည် ဥရောပဈေးကွက်ကို ဆက်လက် ထိန်းသိမ်းရန်ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်က ဒါကာမြို့ရှိ ဟိုတယ်တစ်ခုတွင် International Apparel Federation (IAF) မှ ကြီးမှူးကျင်းပသော ၃၇ ကြိမ်မြောက် IAF ကမ္ဘာ့ဖက်ရှင်ညီလာခံတွင် ဟောပြောသူများက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ညီလာခံ၏ ဆောင်ပုဒ်မှာ အမှတ်တံဆိပ်များ၊ ထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် စားသုံးသူများ ပေါင်းစည်းခြင်းသည် ဖက်ရှင်ကဏ္ဍ၏ ရေရှည်တည်တံ့သော အသွင်ကူးပြောင်းရေး ဖြစ်သည်။

"ယခုအခါတွင် ရှုပ်ထွေးမှုများနှင့် အဓိကစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် စက်မှုလုပ်ငန်းတစ်ခုအနေဖြင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်းကို အားလုံးနားလည်ထားသင့်ပြီး အဓိကစိန်ခေါ်မှုများတွင် အောင်မြင်သော စက်မှုလုပ်ငန်းအသွင်ပြောင်းရေး၊ CO2 ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် စွမ်းအင်အသုံးပြုမှုနည်းပါးသောစက်များ နှင့် လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါတယ်။" ဟု Cem Altan ကပြောသည်။

ကုန်စည်စီးဆင်းမှုလမ်းကြောင်းတစ်လျှောက်လုံးတွင် စီးပွားရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ကြောင်း ၎င်းက မီးမောင်းထိုးပြခဲ့သည်။

"ဒါဟာ အားလုံးအတွက် Win-Win situation ဖြစ်သင့်တယ်။ အရေးအကြီးဆုံးကတော့ အလုပ်သမားတွေကို မမေ့သင့်ပါဘူး။ လုပ်ငန်းရှင်တွေအနေနဲ့လည်း ကြီးမားသောဒုက္ခနှင့်ရင်ဆိုင်နေရပါတယ်။ ဒါကိုဖြေရှင်းဖို့ အမှတ်တံဆိပ်တွေ၊ အသင်းအဖွဲ့တွေ၊ ထုတ်လုပ်သူတွေနဲ့ လက်တွဲပြီး ထွက်ပေါက်ရှာပါ။ ပြီးတော့ IAF က စည်းလုံးတဲ့ အသံကို ဖန်တီးနေပါတယ်" ဟု IAF ဥက္ကဋ္ဌ က ထပ်မံပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၏ အထည်ချုပ်လုပ်ငန်းရှုထောင့်မှကြည့်လျှင် ဘင်္ဂလားဒေ့ရှ်၏ RMG လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု အသစ်လိုအပ်ပြီး အနောက်နိုင်ငံများနှင့် EU တို့သည် Green Policy များကို ကျင့်သုံးနေသကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရန် ပိုမိုလိုအပ်ကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုသည် ယခုအချိန်တွင်ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်နေပါတယ်။" ဟု Cem Altan ကပြောသည်။

" အထည်ချုပ်လုပ်ငန်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချရမည့်အကြီးမားဆုံးကဏ္ဍတစ်ခုဖြစ်နေပါတယ်။ ဥရောပအဝတ်အထည်ဈေးကွက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအလေးပေးကာ မူဝါဒအမျိုးမျိုးကိုချမှတ်ခဲ့တယ်။ ဒါကြောင့် ကမ္ဘာ့ဈေးကွက်ကိုဆက်ထိန်းထားချင်တယ်ဆိုရင်တော့ ရာသီဥတုဖောက်ပြန်မှုကို ကိုင်တွယ်ဖြေရှင်းရာမှာ တက်ကြွစွာ လုပ်ဆောင်ရပါမယ်။"

"ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာတွင် သာမက စီးပွားရေးဘက်မှာလည်း စိန်ခေါ်မှုတွေရှိတယ်။ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုသည် စားသုံးသူများ၏ ဝယ်လိုအား၊ အမှာစာများနှင့် ထုတ်လုပ်မှုကို လျော့ကျစေသည်။ ဒါ့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကိုသေချာမလုပ်ဆောင်ပါက ဈေးကွက်ကိုထိန်းသိမ်းရန် ခက်ခဲမည်ဖြစ်သည်။" ဟု Cem Altan ကဖြည့်စွက်ပြောကြားသည်။

IAF ဥက္ကဋ္ဌက "အမှတ်တံဆိပ်များနှင့် ဝယ်ယူသူများသည် ယင်းတာဝန်ကို မခံစားရသော်လည်း ဥရောပတွင် Green Deal သည် ဖက်ရှင်စက်မှုလုပ်ငန်းအတွက် အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေများကို ကတိပေးထားပြီး ကံမကောင်းစွာဖြင့် ယခုအချိန်တွင် အမှတ်တံဆိပ်များ၊ လက်လီရောင်းချသူများနှင့် စားသုံးသူအများစုမှာ မြစိမ်းရောင်ဂုဏ်သတင်းမရှိကြပါဘူး။ " ဟု ၎င်းက ဆက်ပြောသည်။



BGMEA ဥက္ကဋ္ဌ Faruque Hassan နှင့် Knit Garment Owners Association Fazle Shamim Ehsan တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

" စိန်ခေါ်မှုများစွာရှိသော်လည်း ပို့ကုန်လမ်းကြောင်းကိုဆက်လက်လုပ်ဆောင်နိုင်ခဲ့တယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော environment-friendly green စက်ရုံများ တည်ထောင်ခြင်းဖြင့် ရေရှည်တည်တံ့သောထုတ်လုပ်မှုဆီသို့ ဦးတည်နေပါတယ်။ ဒါပေမဲ့ ကုန်ထုတ်လုပ်မှုတွင်ရေသုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ စွန့်ပစ်ပစ္စည်းများထုတ်လုပ်ခြင်းလျှော့ချရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပွင့်လင်းမြင်သာမှုတိုးမြှင့်လာရေးတို့ကဲ့သို့သောနယ်ပယ်များတွေမှာတိုးတက်ရန်ကျန်ရှိနေပါသေးတယ်။" ဟု BGMEA ဥက္ကဋ္ဌ Faruque Hassan က ပြောသည်။

''နှစ်စဉ်နှစ်တိုင်းနိုင်ငံရဲ့ အထည်အလိပ်နှင့် Ready-made အထည်ချုပ်ကဏ္ဍကနေ ပြန်လည်အသုံးပြုလို့ရတဲ့ စွန့်ပစ်ပစ္စည်းတန်ချိန် လေးသိန်းခန့်ဟာထွက်ရှိနေပါတယ်။ ၅ ရာခိုင်နှုန်းထက်မနည်းတဲ့ စွန့်ပစ်ပစ္စည်းတွေကို ပြည်တွင်းမှာ Recycle ပြန်လုပ်နေပါတယ် ။ အခြားတစ်ဖက်မှာလည်း စွန့်ပစ်ပစ္စည်းတွေရဲ့ ၆၀ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနှင့် ဆွီဒင်အပါအဝင် နိုင်ငံအသီးသီးသို့တင်ပို့နေပါတယ်။ အဲ့ဒီမှာ ဒီစွန့်ပစ်ပစ္စည်းတွေကို ချည်သားအဖြစ် ပြန်လည်အသုံးပြုပြီး ကြီးမြင့်တဲ့ဈေးနှုန်းနဲ့ရောင်းချလျက်ရှိပါတယ်။ " ဟု BGMEA ဥက္ကဋ္ဌက နိုင်ငံအတွင်း စွန့်ပစ်အမှိုက်များကို ပြန်လည်အသုံးပြုနိုင်သည့် အလားအလာနှင့် ပတ်သက်၍ ထပ်လောင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ စက်ရုံတွေက သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချဖို့ အလေးပေးလုပ်ဆောင်နေပါတယ်။ ထိုမှတစ်ဆင့် ရေရှည်တည်တံ့သောအဝတ်အထည်ကဏ္ဍကိုဖန်တီးရန်အတွက်လည်း ကျွန်ုပ်တို့လုပ်ဆောင်နေပါတယ်။ သို့သော်လည်း ဒီအတွက်၊ ကျွန်ုပ်တို့တွေ Supplier မှ Consumer အထိသာမက ထုတ်လုပ်သူတွေအထိ လူတိုင်းနှင့် လက်တွဲရမှာဖြစ်ပါတယ်။" ဟု BKMEA ၏ ဒုတိယဥက္ကဋ္ဌ Fazle Shamim Ehsan က ပြောကြားခဲ့သည်။

**ဥရောပအဝတ်အထည်နှင့်အထည်အလိပ်အဖွဲ့ (Euratex) ၏ ညွှန်ကြားရေးမှူးချုပ် Duck Ventingham သည်အဓိကကျသောဆောင်းပါးကိုညီလာခံ၌တင်ပြခဲ့သည်။ ဥရောပကော်မရှင်သည် ၂၀၅၀ ခုနှစ်တွင် climate – neutral environment တစ်ခုကို ဖန်တီးရန် Green Deal ကို အတည်ပြုခဲ့သည်။**



Duck Ventingham သည် Ready-Made အထည်ချုပ်ကဏ္ဍကို မည်သို့အကျိုးသက်ရောက်နိုင်သည်ကို ဆွေးနွေးခဲ့သည်။ ၎င်းက " အခုဆို ဥရောပနိုင်ငံတွေက ရေရှည်တည်တံ့တဲ့ထုတ်ကုန်တွေကို ဝယ်ချင်နေကြပြီ။ ဆိုလိုသည်မှာ တာရှည်ခံ၊ ပြုပြင်နိုင်သော၊ ပြန်လည်အသုံးပြုနိုင်သော ထုတ်ကုန်များသည် ဥရောပဈေးကွက်ကို လွှမ်းမိုးနိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။" ဟု ပြောသည်။

eco-friendly သဘောတူညီချက်အရ ထုတ်လုပ်သူနှင့်ပေးသွင်းသူများသည် ထုတ်ကုန်တာဝန်ယူရမည်ဟုလည်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထုတ်ကုန်တစ်ခုစီတွင် Digital Passport (သို့မဟုတ်) အထောက်အထားတစ်ခုစီရှိမည်ဖြစ်သည်။ ဒါကိုကြည့်ခြင်းအားဖြင့် ဝယ်သူဟာ ထုတ်ကုန်ကို ရေရှည်တည်တံ့သည့်လုပ်ငန်းစဉ်ဖြင့် ထုတ်လုပ်ခြင်း ရှိ၊ မရှိဆိုသော အတွေးအမြင်ကို ရရှိလိမ့်မည်ဖြစ်သည်။ ထို့အပြင် Producer များသည် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးတွင်လည်း တာဝန်ရှိသည်။ ဥရောပရှိအဝတ်အထည်ဈေးကွက်ကို ထိန်းသိမ်းရန်အတွက် ဘင်္ဂလားဒေ့ရှ်သည်လည်း ယင်းကိစ္စရပ်များနှင့်အညီ ထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်သည်။

အထည်ချုပ်လုပ်ငန်းတွင် ဘင်္ဂလားဒေ့ရှ်၏ အမှတ်တံဆိပ် သို့မဟုတ် အပြုသဘောဆောင်သော ပုံရိပ်ကို မီးမောင်းထိုးပြရန်အတွက် ရက်သတ္တပတ်ကြာမြင့်သည့် 'Made in Bangladesh Week-2022' ကို BGMEA မှ စီစဉ်ခြင်းဖြစ်သည်။ ပွဲဖြစ်မြောက်ရေးအတွက် Bangladesh Apparel Exchange (BAE) မှလည်း ကူညီဆောင်ရွက်ပေးနေသည် ။ ယင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် IAF ကမ္ဘာ့ဖက်ရှင်ညီလာခံကို ဒါကာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

မူရင်း ဆောင်းပါးအပြည့်အစုံကို ဒီလင့်ခ်တွင်ဖတ်ရှုနိုင်ပါသည် >>>>>> IAF Urges Key Stakeholders for Sustainable Transformation of Fashion Industry

**How Can We Achieve Decarbonized Supply Chains?**

## DECARBONIZATION – THREE MANUFACTURERS ON WHETHER THEY HAVE MAPPED PATHWAYS FOR ACHIEVING THEIR DECARBONIZATION TARGETS




ဒီအသံဖိုင်သည် Decarbonization မီနီစီးရီးတစ်ခု၏ စတုတ္ထအပိုင်းဖြစ်သည်။အဝတ်အထည်ထုတ်လုပ်သူများသည် ၎င်းတို့၏ decarbonization ပစ်မှတ်များကို အကောင်အထည်ဖော်ရန် လမ်းကြောင်းများကို ပုံဖော်ထားပါသလား?

ယခုအပိုင်းတွင် မတူညီသော ထုတ်လုပ်သူ သုံးဦးဖြစ်သော ပါကစ္စတန်ရှိ US Apparel & Textiles အတွက် ရေရှည်တည်တံ့မှုဆိုင်ရာ အထွေထွေမန်နေဂျာ Mustafa Ahmadı Corporate Sustainability for Lenzing ၏ ဒုတိယ ဥက္ကဌ Krishna Manda , Environmental Sustainability for TAL Apparel ၏ ဒါရိုက်တာ Matthew Guenther မှ မေးခွန်းများကို ဖြေကြားထားသည်။

Audio File Here >>>> [Three Manufacturers Podcast]

# UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training | TBA | MGHRDC |
| 2. | Covid – 19 self-test demonstration in-factory | TBA | Kyar Lay Apparel Co.,Ltd |

# MEMBERSHIP UPDATE

New Members in December 2022

| **Country** | **No. of New Member Factories** |
|---|---|
| China | 2 |
| Myanmar | 1 |
| Total | 3 |

Membership Update as of December 2022

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 71 |
| | China | 300 |
| | Korea | 56 |
| | Japan | 18 |
| | Others | 22 |
| | Joint Venture | 28 |
| | Local, Sub-Con, Marketing, Inspection ,Textile | 48 |
| Total (Active) | | 543 |
| Grand Total | | 789 |